# ကျမ်းပြုသူ၏အမှာ

ကျွန်ုပ်သည် ဤ'သက္ကတသဒ္ဒါ'ကျမ်းကို ၁၉၆၅-ခုနှစ်က ရေးသားခဲ့ပြီး၊ မန္တလေးတက္ကသိုလ်၊ ပါဠိစာပေအသင်းမှ စာကူးစက်ဖြင့် ထုတ်ဝေခဲ့ပါသည်။ ၎င်းမှာ 'ပထမတွဲ၊ ဒုတိယတွဲ'ဟူ၍ ၂-တွဲပါရှိ၏။ အခန်းများကို စီစဉ်ရာ၌'ရှေးရိုးစဉ်နည်း'ကို မှီး၍စီစဉ်ခဲ့ရာ၊ သင်ကြားရာတွင် အနည်းငယ်ခက်ခဲမှုရှိသည်ကို တွေ့ရှိရသဖြင့်၊ ၎င်းမှုကို ခေတ်မီစွာ မွမ်းမံပြင်ဆင်၍ ယခုတဖန် ဒုတိယအကြိမ် ရေးသားခဲ့ပါသည်။

ယခင်ပထမမူတွင် "သန္ဓိ၊ နာမ်၊ အာချာတ်ကြိယာများ၊ ဝိသေသနကိတ်ကြိယာ၊ ဥပသာရနှင့် နိပါတ၊ ထပ်ဆင့်နာမ်များ(ကိတ်နာမ်နှင့် တဒ္ဓိတ်နာမ်)၊ သမာသ်၊ ကာရကနှင့် ဝါကျစီကုံးနည်း"ဟူ၍ အခန်းကြီး ၉-ခန်းခွဲပြီး၊ နောက်ဆက်တွဲအဖြစ် "သက္ကတဖတ်စာများ၊ ဓာတ်တို့၏ကြိယာပုံစံများ"ကို ထည့်သွင်းရေးသားခဲ့ပါသည်။ ပထမတွဲ၌(အခန်းကြီး ၉-ခန်းအနက်)ရှေ့ ၅-ခန်းပါဝင်၍၊ ဒုတိယတွဲ၌ နောက် ၄-ခန်းနှင့် နောက်ဆက်တွဲများ ပါဝင်ပါသည်။

ယခုဒုတိယမူ၌ကား "ပထမပိုင်း၊ ဒုတိယပိုင်း"ဟူ၍ ၂-ပိုင်းခွဲထားပါသည်။ ပထမပိုင်း၌ "သန္ဓိ၊ နာမ်၊ လွယ်ကူသည့် အာချာတ်ကြိယာများ၊ ကိတ်ကြိယာများ"ပါဝင်၍၊ အခန်းငယ်ပေါင်း (၂၆)ခန်း ခွဲထားကာ၊ အခန်း ၃-မှစ၍ အခန်းတိုင်း၌ သက္ကတဖတ်စာများကို ထည့်သွင်းထားပါသည်။ ဒုတိယပိုင်း၌ "ကျန်အာချာတ်ကြိယာများ၊ ဝိသေသန၊ ထပ်ဆင့်နာမ်များ(ကိတ်နာမ်နှင့် တဒ္ဓိတ်နာမ်)၊ သမာသ်၊ ဥပသာရ၊ နိပါတ၊ ကာရကနှင့် ဝါကျစီကုံးနည်း"နှင့်တကွ၊ နောက်ဆက်တွဲအဖြစ် အသုံးများသည့်ဓာတ်နှင့် ကြိယာများ၊ သက္ကတ မြန်မာအဘိဓာန် ပါဝင်၍၊ အခန်းငယ်ပေါင်း (၂၄)ခန်း ခွဲထားကာ၊ အခန်း ၁၅-ခန်းအထိ သက္ကတဖတ်စာများကို ထည့်သွင်းထားပါသည်။

"တက္ကသိုလ် ပါဠိစာပေ သင်ကြားရေးအဖွဲ့"က ရန်ကုန်တက္ကသိုလ်-ပါဠိဌာနမှူး ဆရာမကြီး ဒေါ်ခင်သိန်းအား ဤဒုတိယအကြိမ်ရေးသည့် စာမူကိုတည်းဖြတ်ပေးရန် တာဝန်ပေးခဲ့ပါသည်။ ဆရာမကြီးသည် ကျွန်ုပ်၏စာမူကို ကောင်းစွာတည်းဖြတ်ပေးသည့်အပြင်၊ 'ပြင်ဆင်-ဖြည့်စွက်-အကြံပေးချက်' တို့ဖြင့် ကျွန်ုပ်အား များစွာကူညီပေးခဲ့ပါသည်။

ကျွန်ုပ်အနေဖြင့် ဤသက္ကတသဒ္ဒါကျမ်းကို'တက္ကသိုလ်သုံး'အဖြစ် ပြဋ္ဌာန်းရန် ဆုံးဖြတ်ကြသည့် ပါဠိစာပေသင်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတက္ကသိုလ်-ပါဠိဌာနပါမောက္ခ ဆရာကြီးဦးတင်လှိုင်နှင့်အဖွဲ့ဝင်များအားလည်းကောင်း၊ ကျွန်ုပ်၏စာမူကို တည်းဖြတ်ပေးသည့် ဆရာမကြီး ဒေါ်ခင်သိန်းအား လည်းကောင်း၊ ၁၉၆၅-ခုနှစ်၌ ဤသက္ကတသဒ္ဒါကျမ်းကို ရေးသားထုတ်ဝေရာတွင် ညွှန်ကြားပြသ အားပေးကူညီခဲ့သော ကျွန်ုပ်၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်သည့် မန္တလေးတက္ကသိုလ် ပါဠိဌာနပါမောက္ခဟောင်း ဆရာမကြီးဒေါ်အုန်းအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

မြင့်ဆွေ
၁-၃-၇၁



## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ကျမ်းဦးနိဒါန်း | |
| | ကျမ်းပြုသူ၏ အမှာ | |
| ၁။ | အက္ခရာများ | ၁–၁၀ |
| ၂။ | သန္ဓိစပ်ခြင်း | ၁၁–၂၀ |
| ၃။ | 'အ'သရဆုံး(ပုံ၊န)ဂိုဏ်းစဉ် | ၂၁–၂၅ |
| ၄။ | ပထမကြိယာဂိုဏ်း–ဝတ္တမာန် | ၂၆–၃၅ |
| ၅။ | 'ဣ၊ဥ'–သရဆုံး(ပုံ)ဂိုဏ်းစဉ် | ၃၆–၃၉ |
| ၆။ | ဆဋ္ဌမကြိယာဂိုဏ်း–ဝတ္တမာန် | ၄၀–၄၂ |
| ၇။ | 'ဣ၊ဥ'–သရဆုံး(နု)ဂိုဏ်းစဉ် | ၄၃–၄၅ |
| ၈။ | စတုတ္ထကြိယာဂိုဏ်း–ဝတ္တမာန် | ၄၆–၄၇ |
| ၉။ | 'အာ'–သရဆုံး(ဣ)ဂိုဏ်းစဉ် | ၄၈–၄၉ |
| ၁၀။ | ဒသမကြိယာဂိုဏ်း–ဝတ္တမာန် | ၅၀–၅၂ |
| ၁၁။ | 'ဣ၊ဤ၊ဥ၊ဦ'–သရဆုံး(ဣ)ဂိုဏ်းစဉ် | ၅၃–၅၆ |
| ၁၂။ | ပဉ္စမ၊သတ္တမ၊ ဟိယျတ္တနီ ဝိဘတ်များ | ၅၇–၆၀ |
| ၁၃။ | 'ဟ'(ရိ)သရဆုံး နာမ်ဂိုဏ်းစဉ် | ၆၁–၆၃ |
| ၁၄။ | ကမ္မဘာဝကြိယာ | ၆၄–၆၈ |
| ၁၅။ | ဗိဇ'ဒွန်သရ'ဆုံး နာမ်ဂိုဏ်းစဉ် | ၆၉–၇၁ |
| ၁၆။ | ကာရိုက်ကြိယာ | ၇၂–၇၇ |
| ၁၇။ | 'အဟံ၊တွံ'ဂိုဏ်းစဉ် | ၇၈–၈၁ |
| ၁၈။ | အတိတ်ကိတ် | ၈၂–၈၉ |
| ၁၉။ | 'တ၊ယ၊က'ဂိုဏ်းစဉ် | ၉၀–၉၃ |
| ၂၀။ | ကိစ္စကိတ် | ၉၄–၉၉ |
| ၂၁။ | 'ဗျည်း'ဆုံး နာမ်ဂိုဏ်းစဉ် | ၁၀၀–၁၀၁ |
| ၂၂။ | ပစ္စုပ္ပန်ကိတ်၊အနာဂတ်ကိတ် | ၁၀၂–၁၀၅ |
| ၂၃။ | 'အဒသ်၊ဣဒသ်'ဂိုဏ်းစဉ် | ၁၀၆–၁၀၉ |
| ၂၄။ | ပုဗ္ဗကာလကိတ် | ၁၂၀–၁၂၃ |
| ၂၅။ | သင်္ချာနာမ်ဂိုဏ်းစဉ် | ၁၂၄–၁၂၈ |
| ၂၆။ | ဣစ္ဆတ္ထကိတ် | ၁၂၉–၁၃၄ |




## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | ပဉ္စမကြိယာဂိုဏ်း | ၁၃၅–၁၄၁ |
| ၂၈။ | အဋ္ဌမကြိယာဂိုဏ်း | ၁၄၂–၁၄၃ |
| ၂၉။ | နဝမကြိယာဂိုဏ်း | ၁၄၄–၁၄၆ |
| ၃၀။ | ဒုတိယကြိယာဂိုဏ်း | ၁၄၇–၁၅၅ |
| ၃၁။ | တတိယကြိယာဂိုဏ်း | ၁၅၆–၁၆၁ |
| ၃၂။ | သတ္တမကြိယာဂိုဏ်း | ၁၆၂–၁၆၅ |
| ၃၃။ | ပရောက္ခာ ကြိယာ | ၁၆၆–၁၇၉ |
| ၃၄။ | အဇ္ဇတနီကြိယာ | ၁၈၀–၁၈၉ |
| ၃၅။ | ဘဝိဿန္တီကြိယာ | ၁၉၀–၁၉၂ |
| ၃၆။ | သွာတနီကြိယာ | ၁၉၃–၁၉၅ |
| ၃၇။ | ကာလာတိပတ္တိကြိယာ | ၁၉၆–၁၉၆ |
| ၃၈။ | အာသိ ကြိယာ | ၁၉၇–၁၉၉ |
| ၃၉။ | တုမိစ္ဆတ္ထကြိယာ | ၂၀၀–၂၀၂ |
| ၄၀။ | အတိသယတ္ထကြိယာ | ၂၀၃–၂၀၅ |
| ၄၁။ | နာမကြိယာ | ၂၀၆–၂၀၇ |
| ၄၂။ | နာမဝိသေသန | ၂၀၈–၂၁၂ |
| ၄၃။ | ကြိယာဝိသေသန | ၂၁၃–၂၁၇ |
| ၄၄။ | ကိတ်နာမ် | ၂၁၈–၂၂၄ |
| ၄၅။ | တဒ္ဓိတ်နာမ် | ၂၂၅–၂၂၉ |
| ၄၆။ | သမာသ် | ၂၃၀–၂၃၇ |
| ၄၇။ | ဥပသာရ | ၂၃၈–၂၅၄ |
| ၄၈။ | နိပါတ | ၂၅၅–၂၆၄ |
| ၄၉။ | အာမေဍိတ်ပုဒ်များ | ၂၆၅–၂၆၆ |
| ၅၀။ | နောက်ဆက်တွဲ | |
| | (က) အသုံးများသည့်ဓာတ်နှင့် ကြိယာများ | ၂၆၇–၃၀၂ |
| | (ခ) သက္ကတ-မြန်မာအဘိဓာန် | ၃၀၃–၃၂၀ |
| ၅၁။ | ဝေါဟာရစာရင်း | |
| | (က)မြန်မာ-အင်္ဂလိပ် | ၃၂၁–၃၂၄ |
| | (ခ)အင်္ဂလိပ်-မြန်မာ | ၃၂၅–၃၂၈ |